ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံချက်လုပ်ငန်းများ၏
သတင်းအချက်အလက်စနစ်များ ပိုမိုကောင်းမွန်စေရေး ဆွေးနွေးပွဲတွင်
ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့်မိန့်ခွန်း ကောက်နုတ်ချက်

နေပြည်တော် **၂၀၂၀ ပြည့်နှစ်၊ မေလ (၂၅)ရက်**

- ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် တိကျမှန်ကန်သော စာရင်းဇယားနှင့် သတင်းအချက်အလက်ရရှိရန်သည် အရေးကြီးပါကြောင်း၊
- ဝန်ကြီးဌာန၏ ဘဏ္ဍာငွေ၊ ရန်ပုံငွေ၊ အရင်းအမြစ်များကို အလေအလွင့်နည်းပါးစွာဖြင့် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရန်၊ ဦးစားပေးအစီအစဉ်များ သတ်မှတ်ကာ လိုအပ်သည့်နေရာများသို့ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဝန်ကြီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းနည်းဗျူဟာများ၊ လုပ်ငန်းစဉ်များ၏ အောင်မြင်ထိရောက်မှု အခြေအနေများကို ဆန်းစစ်သိရှိနိုင်ရန်တို့အတွက် စာရင်းဇယားနှင့် သတင်းအချက်အလက်များ မှန်ကန်ပြည့်စုံမှုသည် အထူးအရေးကြီးပါကြောင်း၊
- ဝန်ကြီးဌာနရှိ ကျန်းမာရေး စီမံချက်လုပ်ငန်းများအနေဖြင့် ယခု COVID-19 ဖြစ်ပွားနေစဉ်လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုနှင့် ကြီးကြပ်မှုများ မပြုလုပ်နိုင်သည့် ကာလအတွင်း သတင်းအချက်အလက်စနစ် ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊
- ယနေ့ဆွေးနွေးပွဲတွင် လက်ရှိကောက်ယူနေသည့် စာရင်းဇယားနှင့် သတင်းအချက်အလက်များ၊ အဆိုပါ သတင်းအချက်အလက်များကို လက်တွေ့အသုံးချမှုအခြေအနေ၊ သတင်းအချက်အလက်များကို ဆန်းစစ်သုံးသပ်မှုများပြုလုပ်ပြီး သတင်းအချက်အလက်ပေးပို့သူများထံ ပြန်လည်အသိပေးအကြောင်းကြားမှု၊ အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်ချက်နှင့် အားနည်းချက်များ စသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြစေလိုပါကြောင်း၊
- စာရင်းဇယားနှင့် သတင်းအချက်အလက်ကောက်ယူမှုပုံစံ (form) များ၊ သတင်းအချက်အလက်အဓိပ္ပာယ်သတ်မှတ်ချက်များ (definition) များကို ပြန်လည်ဆန်းစစ်၍ လိုအပ်သလို မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊
- ကျန်းမာရေးစီမံချက်များ၏ သတင်းအချက်အလက်များသည် ဝန်ကြီးဌာန၏ ကျန်းမာရေးသတင်းအချက်အလက်စနစ်နှင့် ချိတ်ဆက်မှုရှိရမည်ဖြစ်ပါကြောင်း၊

- ထို့အပြင် ကျန်းမာရေးစီမံချက်များမှ ထုတ်ဝေထားသော လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများကိုလည်း ပြန်လည်ဆန်းစစ်ပြီး လိုအပ်ပါက မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ရမည် ဖြစ်ပါကြောင်း၊
- လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေသော သတင်းအချက်အလက် စီမံခန့်ခွဲမှုလုပ်ငန်းများ၏ အခက်အခဲနှင့် လိုအပ်ချက်များကို သိရှိနိုင်ရန် Video conferencing စနစ်ဖြင့် ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ်တာဝန်ရှိသူများ အကြားဆွေးနွေးမှုများ ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း၊
- လုပ်ငန်းသဘောသဘာဝနှင့် လုပ်ငန်းကဏ္ဍ နီးစပ်တူညီသော ကျန်းမာရေးစီမံချက်လုပ်ငန်းများအနေဖြင့် လုပ်ငန်းပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပိုမိုအကျိုးရှိထိရောက်မည်ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာနမှ ဖြန့်ဝေထားသော Mobile Tablet များကို အသုံးပြု၍ သတင်းအချက်အလက်များပေးပို့ခြင်း၊ ကောက်ယူခြင်းနှင့် မွမ်းမံသင်တန်းများပေးခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊
- ဆေးသုတေနဦးစီးဌာနအနေဖြင့် ကျန်းမာရေးစီမံချက်လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် အထောက်အကူပြုသော အသုံးချသုတေသနများကို ပိုမိုဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာနမှ ပြည်သူများထံသို့ ကျန်းမာရေးအသိပညာပေးရန်အတွက် "ဒီနေ့အတွက် သတင်းစကား" ကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာမှ နေ့စဉ် ဖြန့်ဝေပေးလျက်ရှိရာ ဝန်ကြီးဌာနရှိ ကျန်းမာရေးစီမံချက်လုပ်ငန်းများအနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးသတင်းစကားများ ပြုစုထားရှိရမည်ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာနတွင် ပြုလုပ်ရန် လိုအပ်သော သုတေသနခေါင်းစဉ်များကို စုစည်းထားသည့် Research Title Bank ကိုလည်း ဆေးသုတေသနဦးစီးဌာနမှ ပြုလုပ်ဆောင်ရွက်လျက်ရှိသဖြင့် အဆိုပါခေါင်းစဉ်များမှ သက်ဆိုင်ရာဌာနခွဲအတွက် သင့်လျော်သော သုတေသနများကို ရွေးချယ်ပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း၊
- အသုံးချသုတေသန လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များကို ပိုမိုပါဝင်ဆောင်ရွက်စေရမည် ဖြစ်ပါကြောင်း၊

- သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်များအနေဖြင့် မိမိတို့တာဝန်ယူကြီးကြပ်ရသော ကျန်းမာရေးစီမံချက်လုပ်ငန်းများ၏ နှစ်ပတ်လည်အစီရင်ခံစာ (annual report) ကို ပြုစုထုတ်ဝေကြစေလိုပါကြောင်း၊
- ဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံး၊ ကျန်းမာရေးစီမံချက်အားလုံးတွင် ကိန်းဂဏန်းအချက်အလက်များကို စနစ်တကျသုံးစွဲတတ်သည့်ယဉ်ကျေးမှု ပိုမိုဖြစ်ထွန်းလာရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

အခမ်းအနားသို့ တက်ရောက်သူများစာရင်း -

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်(ပြည်ထောင်စုဝန်ကြီးရုံး)
- ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနခွဲအသီးသီးမှ တာဝန်ရှိသူများ။

(ဤမိန့်ခွန်းသည် ပြည်ထောင်စုဝန်ကြီး၏ လက်ရေးမူမှ ပြန်လည်ရိုက်နှိပ်ထားခြင်းဖြစ်ပါသည်။)